EMReF
Enlightened Myanmar Research Foundation
ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၂)၊ အမှတ်-၅၄
မေ ၈ ရက်၊ ၂၀၁၈



ရန်ကုန်တိုင်းအစိုးရ၏ တန်ဖိုးသင့် ရတနာနှင်းဆီအိမ်ရာစီမံကိန်းအား တွေ့မြင်ရစဉ်။ (ဓာတ်ပုံ-မဇ္ဈိမ)

## အိမ်ရာနှင့်စက်မှုဇုန်များပါဝင်သည့် စီမံကိန်း ၁၂ ခုကိုဆောင်ရွက်ရန် တိုင်းအစိုးရ လွှတ်တော်တွင်တင်ပြ

**မေ ၃၊ ၂၀၁၈**

စက်မှုဇုန်နှင့်အိမ်ရာစီမံကိန်းများ ပါဝင်သည့် စီမံကိန်း ၁၂ ခုကို ၂၀၁၈ မှ ၂၀၂၃ အထိ ဆောင်ရွက်ရန်ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တိုင်းလွှတ်တော်ဆဋ္ဌမပုံမှန် အစည်းအဝေး ၂၂ ရက်မြောက်နေ့တွင် တင်ပြခဲ့သည်။

"ဌာနဆိုင်ရာများဖြစ်စေ၊ ပုဂ္ဂလိကများ ဖြစ်စေ မြေများကို လက်ဝယ်ရယူထားပြီး တော့ အသုံးချမှုမရှိဘဲ မြေဈေးကစားခြင်း၊ မြေဈေးကြီးအောင် ဆောင်ရွက်နေတဲ့ကိစ္စ တွေ ပပျောက်စေရေး၊ အလုပ်အကိုင်အခွင့် အလမ်းများ ပေါများဖြစ်ထွန်းလာစေရေး၊ ဝန်ထမ်းများအပါအဝင် ပြည်သူများရဲ့လူမှု စီးပွားဘဝ၊ လူနေမှုအဆင့်အတန်းတွေ တိုးတက်မြင့်မားလာစေရေးနှင့် ကျူးကျော် ပြဿနာများပပျောက်စေရန်အတွက် ကျွန်မ တို့ ဒီစီမံကိန်းတွေ စီစဉ်ရခြင်းဖြစ်ပါတယ်" ဟု လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက် သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောသည်။

"ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည် တွင်း/ ပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့် မြို့ပြဖွံ့ဖြိုး ရေးဆိုင်ရာလုပ်ငန်းစီမံကိန်း အစီရင်ခံစာ များ (၂၀၁၈ - ၂၀၂၁)"ကို ဝန်ကြီး ဒေါ်နီလာ ကျော်က လွှတ်တော်တွင် တင်ပြခဲ့ခြင်းဖြစ် သည်။

လှိုင်သာယာမြို့နယ် ငွေပင်လယ်စက်မှု ဇုန်အနီးတွင် ငွေပင်လယ်စီမံကိန်း၊ မင်္ဂလာဒုံ မြို့နယ် အမှတ် (၂) လမ်းမကြီးနှင့် ခရေပင် လမ်းဆုံတွင် ဧက(၆၄၂) အကျယ်ရှိပြီး စက်မှု ဇုန်၊ ယာဉ်ရပ်နားစခန်းတို့ပါဝင်သည့် 'စမ်းကြီးဝ သယ်ယူပို့ဆောင်ရေးဗဟို'ကို ရင်းနှီးမြှုပ်နှံမှု ပမာဏ ၁၉၂ ဘီလီယံကျပ်(ခန့်မှန်း) ဖြင့် စီမံကိန်းကာလမှာ ၂၀၁၈ မှ ၂၀၂၃ ခုနှစ် အထိ ဆောင်ရွက်သွားမည်ဟု သိရသည်။

နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာနှင့် ပြည်သူ့ အရောင်းအိမ်ရာစီမံကိန်းကို ဒဂုံမြို့သစ်ဆိပ် ကမ်းမြို့နယ်ရှိ အကျယ် ဧက (၁၃၈) ပေါ်တွင် ရင်းနှီးမြှုပ်နှံမှုပမာဏ (၃၅၈) ဘီလီယံကျပ် (ခန့်မှန်း) ဖြင့် စီမံကိန်းကာလကို ၂၀၁၈ မှ ၂၀၂၂ ခုနှစ်အထိလျာထားသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်ရှိ မြေဧက (၁၆၀၀၀) အကျယ်ပေါ်တွင် စက်မှုဇုန်မြို့ တော်ဖြစ်သည့် Smart & Eco City စီမံ ကိန်းကို ၂၀၁၈ ခုနှစ်မှ ၂၀၂၆ ခုနှစ်အတွင်း ကာလရှည် သတ်မှတ်အကောင်အထည် ဖော်ရန်ရှိနေပြီး ရင်းနှီးမြှုပ်နှံမှုတန်ဖိုးကိုမူ တွက်ချက်ဆဲဖြစ်ကြောင်း ဒေါ်နီလာကျော် ကပြောသည်။

စီမံကိန်းစုစုပေါင်း ၁၂ ခုတွင် ရင်းနှီး မြှုပ်နှံမည့်တန်ဖိုးမှာ အနည်းဆုံး ငွေကျပ် ဘီလီယံထောင်ကျော်ရှိနေပြီး စီမံကိန်း အားလုံးမှာ လုပ်ငန်းစတင်နိုင်ရန်အတွက် မြေတိုင်းခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုဖြစ်တန်စွမ်း ကို လေ့လာပြီးထားကြောင်းလည်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အဆိုပါအစီရင်ခံစာနှင့်ပတ်သက်၍ ဆွေး နွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက လွှတ်တော်တွင် အမည်စာရင်းတင် သွင်းနိုင်သည်ဟု သိရသည်။

(ကိုးကား- www.mizzimaburmese.com)

# တနင်္သာရီတိုင်းလွှတ်တော်ဥက္ကဋ္ဌနှင့် အရပ်ဘက်အဖွဲ့အစည်းများ သုံးလတစ်ကြိမ် ဆွေးနွေးမည်

မေ ၂၊ ၂၀၁၈

တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် အရပ်ဘက်အဖွဲ့အစည်းများ သုံးလတစ်ကြိမ် တွေ့ဆုံဆွေးနွေး မည်ဖြစ်ကြောင်း တိုင်းလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးက ပြောသည်။ ဧပြီလ ၂၄ ရက်က ပြုလုပ်သည့် ထားဝယ်မြို့အခြေစိုက် အရပ်ဘက်အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌတို့ တွေ့ဆုံဆွေးနွေးပွဲတွင် ယင်းကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

"ဒီပွဲအပေါ်မှာ အများအားဖြင့်တော့ အားရကျေနပ်မှုရှိတယ်။ သုံးလတစ်ကြိမ် လုပ်ဖို့လည်း စဉ်စားထားတယ်"ဟု ၎င်းကဆိုသည်။ ယင်းဆွေးနွေးပွဲများမှ ရရှိလာသည့်အချက်အလက်များကို တိုင်းအစိုးရအဖွဲ့နှင့် ဥပဒေပြုရေးကော်မရှင်ထံပေးပို့ရမည်ဖြစ်၍ လာမည့်ဆွေးနွေးပွဲများတွင် စာရွက်စာတမ်းအထောက်အထားများဖြင့် ထောက်ပြဆွေးနွေးစေချင်ကြောင်း ဦးခင်မောင်အေးကပြောသည်။ တိုင်းအစိုးရအနေနှင့်လည်း မူဝါဒများချမှတ်ရာတွင် ပြည်သူ့အသံများပါဝင်နိုင်ရန် အရပ်ဘက်အဖွဲ့အစည်းများနှင့် ပုံမှန်တွေ့ဆုံဆွေးနွေးရန် လိုအပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌနှင့် အရပ်ဘက်အဖွဲ့အစည်းအချို့က တိုက်တွန်းသည်။

ယခုပြုလုပ်သည့် တိုင်းလွှတ်တော်ဥက္ကဋ္ဌနှင့် အရပ်ဘက်အဖွဲ့အစည်းများတွေ့ဆုံပွဲတွင် တရားဥပဒေစိုးမိုးရေး၊ စည်ပင်သာယာရေး၊ မြေယာပြဿနာစသည့်အချက်တို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(ကိုးကား- www.daweiwatch.com)**

# ရန်ကုန်တိုင်းအတွင်းတွင် အနှိပ်ခန်းများ ခွင့်ပြုထားခြင်းမရှိဟု တိုင်းအစိုးရဆို

မေ ၂၊ ၂၀၁၈

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ အနှိပ်ခန်းများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ခွင့်ပြုပေးထားခြင်းမရှိဟု တိုင်းဒေသကြီးအစိုးရက ငြင်းဆိုလိုက်သည်။

မေလ ၂ ရက်နေ့၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့တွင် မရမ်းကုန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးရန်ရှင်းက 'ရန်ကုန်တိုင်းအတွင်း၌ KTV၊ အနှိပ်ခန်းများကို မည်သည့်ခွင့်ပြုချက်များဖြင့် လိုင်စင်ထုတ်ပေးပြီး လိုင်စင်ထုတ်ပေးရာတွင် ပတ်ဝန်းကျင်ပြည်သူများက သဘောတူလက်မှတ်ရေးထိုးပေးမှုကို ထည့်သွင်းစဉ်းစားမှု ရှိ/မရှိ' သိရှိလိုကြောင်း မေးမြန်းခဲ့ခြင်းဖြစ်သည်။

အဆိုပါမေးခွန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီမံဘဏ္ဍာဝန်ကြီး ဦးမြင့်သောင်းက စည်ပင်သာယာရေးဝန်ကြီးအစား လွှတ်တော်၌ ဖြေဆိုခဲ့ခြင်းဖြစ်သည်။

အနှိပ်ခန်းများကို တရားမဝင်ဖွင့်လှစ်နေခြင်းက အညီအဟောက်လုပ်ငန်းများနှင့် အဂတိလိုက်စားမှုများ ဖြစ်ပေါ်စေသဖြင့် အနှိပ်ခန်းများကို တရားဝင်ဖွင့်လှစ်ခြင်းနည်းလမ်းဖြင့် ထိန်းကျောင်းရန် အစီအစဉ်ရှိမရှိကိုလည်း တိုင်းလွှတ်တော် ကိုယ်စားလှယ် ဦးရန်ရှင်းက နောက်ဆက်တွဲမေးခွန်းမေးမြန်းခဲ့သည်။ အနှိပ်ပညာကို စနစ်တကျသုံးစွဲပြီး ထိန်းကျောင်းကြီးကြပ်သွားပါက ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်းများအတွက် အကျိုးရှိမည်ဖြစ်သကဲ့သို့ တိုင်းရင်းဆေးပညာကိုလည်း ဖော်ထုတ်ခွင့်ရမည်ဖြစ်သည်ဟုဆိုသည်။

စီမံဘဏ္ဍာဝန်ကြီးက လက်ရှိအခြေအနေတွင် အနှိပ်ခန်းများကို တရားဝင်ခွင့်ပြုပေးခြင်းမရှိသေးသော်လည်း ဆံပင်ညှပ်နှင့် အလှပြင်လုပ်ငန်းများ၊ မျက်မမြင်များအလုပ်အကိုင်ရရှိစေရန် မျက်မမြင်အကြောပြင်လုပ်ငန်းများ၊ ခြေထောက်ဆေးစိမ်လုပ်ငန်းများကိုသာ ခွင့်ပြုထားပြီး ဟိုတယ်နှင့်မိုတယ်များတွင် ဖွင့်လှစ်ထားသော အနှိပ်ခန်းများရှိခဲ့လျှင် စည်ပင်သာယာရေးကော်မတီမှ ခွင့်ပြုထားခြင်း မရှိကြောင်း "စနစ်တကျ တိုင်းရင်းဆေးပညာအရ အနှိပ်ခန်းများဟာ လိုအပ်တယ်ဆိုရင် သက်ဆိုင်ရာအဖွဲ့အစည်းများကညှိနှိုင်းပြီး ဆောင်ရွက်သင့်တာမို့ ကျွန်တော် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရဲ့ မြို့တော်ဝန်၊ စည်ပင်သာယာရေးဝန်ကြီးနဲ့ ညှိနှိုင်းဆောင်ရွက်ပေးသွားပါမယ်"ဟု ရှင်းလင်းဖြေကြားခဲ့သည်။

**(ကိုးကား- www.mizzimaburmese.com/ www.burma.irrawaddy.com)**

# အသေးစား ရွှေလုပ်ကွက် လုပ်ငန်းများလုပ်ကိုင်နိုင်ရေး ကချင်ပြည်နယ်ဥပဒေရေးဆွဲထား

ဧပြီ ၂၃၊ ၂၀၁၈

ကချင်ပြည်နယ်ရှိ အသေးစားရွှေလုပ်ငန်း၊ လုပ်ကွက်များကို ဒေသခံများလုပ်ကိုင်နိုင်စေရန် ဥပဒေကြမ်းရေးဆွဲကာ တင်ပြထားပြီး ကချင်ပြည်နယ်လွှတ်တော်တွင် အတည်ပြုသွားမည်ဖြစ်ကြောင်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်သင်း (ဗန်းမော်-၁) က ပြောသည်။

ဗန်းမော်မြို့နယ်၊ စင်းခန်းကျေးရွာ လူထုနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့ ဧပြီ ၂၂ ရက်က တွေ့ဆုံခဲ့ကြောင်း၊ ယင်းတွေ့ဆုံမှုတွင် စင်းခန်းဒေသခံများ၏ တစ်နိုင်တစ်ပိုင် ရွှေလုပ်ခွင့်ရရေးနှင့် သက်ဆိုင်သောမေးမြန်းမှုကို ၎င်းက အထက်ပါအတိုင်း ဖြေကြားခဲ့သည်။

လက်ရှိကချင်ပြည်နယ်တွင် ရွှေလုပ်ကွက်များကို လုပ်ကိုင်ခွင့်ရကုမ္ပဏီများက အကြီးစား စက်ယန္တရားကြီးများဖြင့် လုပ်ကိုင်နေကြောင်း၊ ယင်းကြောင့် တနိုင်တပိုင်လုပ်ကိုင်လိုသူများ အခွင့်အလမ်းဆုံးရှုံးနေရကြောင်း ရွှေလုပ်ကွက်များရှိရာ ဒေသစင်းခန်းကျေးရွာနေ ဦးမြင့်တင်က ပြောသည်။

**(ကိုးကား- http://thevoicemyanmar.com)**

# အုပ်ချုပ်ရေးမှူးအား ထုတ်ပယ်ရန် လွှတ်တော်ကိုယ်စားလှယ်များက ဖိအားပေးသည်ဟုဆိုကာ ဆန္ဒထုတ်ဖော်

**ဧပြီ ၃၀၊ ၂၀၁၈**

ကျေးရွာအုပ်စုနေပြည်သူများက ရွေးချယ်တင်မြှောက်ထားသော မင်းဘူးမြို့နယ် ကျောက်စံ အုပ်စုအုပ်ချုပ်ရေးမှူး ဦးသန်းလွင်အား ရာထူးမှထုတ်ပယ်ရန် လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးနှင့် NLD ပါတီ၏ မြို့နယ်အလုပ်အမှုဆောင်များက ဖိအားပေးခဲ့သည်ဟု ထင်မြင် ယူဆသဖြင့် အထက်ပါဖြစ်စဉ်အား တိုင်းဒေသကြီးဝန်ကြီးချုပ်သိရှိစေရန်နှင့် အမှန်အတိုင်း ဆောင်ရွက်ပေးရန် ဒေသခံလူအင်အား ၄၀၀ ခန့်က မကွေးမြို့တွင် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ကျောက်စံအုပ်စုအုပ်ချုပ်ရေးမှူး ဦးသန်းလွင်သည် ကျေးရွာ မီးလင်းရေးအတွက် နာယကအဖြစ် ဆောင်ရွက်ရမည်ဖြစ်သော်လည်း ကိုယ်တိုင်ပါဝင်ဆောင် ရွက်ခဲ့ပြီး ငွေကြေးအလွဲသုံးစားပြုလုပ်ခဲ့သည်ဆိုကာ အဆိုပါ မီးလင်းရေးကော်မတီ အဖွဲ့ဝင် တစ်ဦးက စကုမြို့နယ်ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားသဖြင့် စစ်ဆေးတွေ့ရှိချက်များအရ အုပ်ချုပ်ရေးမှူးရာထူးမှ ဖယ်ရှားပေးရန် မြို့နယ်အုပ်ချုပ်ရေးမှူးက စာထုတ်ခဲ့ခြင်းဖြစ်ကြောင်း လွှတ်တော် ကိုယ်စားလှယ် တစ်ဦးက ပြောသည်။

ယင်းသို့ဖိအားပေးခဲ့သည်ဟုဆိုခြင်းမှာလည်း မဟုတ်ကြောင်း တိုင်းလွှတ်တော်ကိုယ်စား လှယ် ဦးကျော်စွမ်းရည်(မင်းဘူး-၁)က ဆိုသည်။ "ဧပြီ (၂၀) ရက်နေ့က မြို့နယ်အုပ်ချုပ် ရေးမှူးရယ် မြို့နယ်ရဲ့တပ်ဖွဲ့မှူးတွေကိုခေါ်သွားပြီး ရှင်းပြီးပါပြီ။ လွှတ်တော်ကိုယ်စားလှယ် ဆိုတာ အရှင်းကြီးပါဗျာ။ ဥပဒေပြုရေးမဏ္ဍိုင်နဲ့ အုပ်ချုပ်ရေးမဏ္ဍိုင်ကို သွားပြောလို့လည်း မရဘူး ဝင်ရောက်စွက်ဖက်လို့လည်းမရဘူး။ ကျွန်တော်တို့ဖိအားမပါဘူးဆိုတာကို ရှင်းခိုင်း ပြီးပါပြီ"ဟု ဦးကျော်စွမ်းရည်က ဆိုသည်။

**(ကိုးကား- www.mizzimaburmese.com)**

# မကွေး စည်ပင်ဥပဒေ အသစ် ပြန်ဆွဲမည်

**မေ ၃၊ ၂၀၁၈**

လက်ရှိအသုံးပြုနေသော မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေသည် ခေတ်နှင့်မလျော်ညီတော့၍ အသစ်ပြန်လည် ရေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ရေးဆွဲနိုင်ရန် မေ ၃ ရက်နေ့က မကွေးမြို့တော်ခန်းမ၌ ယင်းတိုင်းဒေသကြီး အတွင်းရှိမြို့နယ် ၂၅ မြို့နယ်မှ စည်ပင်သာယာရေးအမှုဆောင်များအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များဖြင့် တတိယအကြိမ်မြောက် ဆွေးနွေးခဲ့ကြသည်။

"နေ့စားဝန်ထမ်းတွေနဲ့ ပုတ်ပြတ်ဝန်ထမ်းတွေ ဘဝအာမခံရှိဖို့ ဌာနဆိုင်ရာဝန်ထမ်းတွေအဖြစ် ပြောင်းလဲနိုင်အောင် ဥပဒေပြင်ဆင်ရေးဆွဲထားတယ်။ စည်ပင်သာယာရေးအဖွဲ့ရဲ့ဝန်ဆောင်မှုလုပ်ငန်းတွေအားကောင်းစေဖို့ ဖွဲ့စည်းပုံအသစ်အရ ဝန်ထမ်းတွေထပ်ဖြည့်သွားမယ်"ဟု တိုင်းဒေသကြီး စီမံ/ဘဏ္ဍာနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းက ပြောသည်။

ယခင် (၂) ကြိမ် ဆွေးနွေးခဲ့သည့် ရလဒ်များကို ယခုဆွေးနွေးပွဲ၌ ထပ်မံဆွေးနွေးခဲ့ကြပြီး ယခုထပ်မံထွက်ပေါ်လာသည့် ရလဒ်များကို စည်ပင်ဥပဒေမူကြမ်းသစ်အဖြစ်ပြုစုကာ တိုင်းလွှတ်တော်သို့ တင်ပြမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ယခင်က မြူနီစီပယ်အက်ဥပဒေအဖြစ် ၁၈၇၄ မှစတင်ကာ ၁၉၉၃ ခုနှစ်အထိ ပြဋ္ဌာန်းခဲ့သည့်ဥပဒေများကို ပြည်ထောင်စုလွှတ်တော်က ရုပ်သိမ်းခဲ့သည့်အတွက် ပြန်လည်ပြင်ဆင်နေရခြင်းကြောင့် အခက်အခဲများနှင့် ကြန့်ကြာမှုများ ကြုံတွေ့နေရကြောင်း တိုင်းလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းက ပြောကြားသည်။ **(ကိုးကား- thevoicemyanmar.com)**

## သတင်းတို

- ကရင်ပြည်နယ်လွှတ်တော်ရုံး ဝန်ထမ်း ဆန္ဒထုတ်ဖော်ပွဲအခမ်းအနားကို ဧပြီ ၃၀ ရက်၊ ၂၀၁၈ တွင် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်းနှင့် လွှတ်တော်ရုံးညွှန်ကြားရေးမှူး ဒေါက်တာသက်ဇော်ဦးတို့မှ ကြီးမှူးကျင်းပခဲ့ပြီး ဝန်ထမ်းများမှ တင်ပြလိုသည်များကို တင်ပြခဲ့ကြသည်ဟု သိရသည်။
**(ကိုးကား- ကရင်ပြည်နယ်လွှတ်တော်ဖေ့စ်ဘွတ်ခ်)**

- ပဲခူးတိုင်းဒေသကြီးလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ ကတိကဝတ်များနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးမှ ပဉ္စမပုံမှန်အစည်းအဝေးအထိ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဖြေကြားခဲ့သည့် အဆို၊ ကြယ်ပွင့်ပြ မေးခွန်း၊ ကြယ်ပွင့်မပြမေးခွန်းများမှ လက်ကျန်ကတိကဝတ်များနှင့် ဆဋ္ဌမပုံမှန်နှင့် သတ္တမပုံမှန်အစည်းအဝေးများတွင် တိုင်းအစိုးရအဖွဲ့မှ ဖြေကြားခဲ့သည့် အဆို၊ ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့် ပတ်သက်၍ အစိုးရ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုအား ဧပြီ ၄ ရက်နေ့က တတိယအကြိမ် ကြားနာခြင်းနှင့် မေးမြန်းညှိနှိုင်းဆွေးနွေးမှုကို ပြုလုပ်ခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စက်မှု၊ လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ အကြီးအကဲ (၈) ဦးတို့ တက်ရောက်ညှိနှိုင်း ဆွေးနွေးခဲ့သည်။ **(ကိုးကား- Bago Region Hluttaw Facebook)**

- ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီသည် (၃၀-၃-၂၀၁၈) တွင် ကန့်ဘလူခရိုင်တွင်လည်းကောင်း၊ (၃၁-၃-၂၀၁၈) ရက်နေ့၌ ယင်းမာပင်မြို့တွင်လည်းကောင်း၊ (၈-၄-၂၀၁၈)ရက်နေ့တွင် ကလေးမြို့၌လည်းကောင်း၊ (၉-၄-၂၀၁၈)ရက်နေ့တွင် မော်လိုက် ခရိုင်တွင်လည်းကောင်း သက်ဆိုင်ရာခရိုင်အတွင်းရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များနှင့် အသီးသီး တွေ့ဆုံကာ စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေ(မူကြမ်း)နှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲပြုလုပ်ခဲ့သည်။
**(ကိုးကား- sagaingregionhluttaw facebook)**